Companion House ဆေးဘက်ဆိုင်ရာဝန်ဆောင်မှု သတင်းအချက်အလက်

ကြိုဆိုစကား

Companion House ဆေးဘက်ဆိုင်ရာ ဝန်ဆောင်မှုအစီအစဉ်မှ နွေးထွေးစွာ ကြိုဆိုပါသည်! စကားပြန်တစ်ဦးတောင်းဆိုဖို့ မရှက်ပါနှင့်။ ကျွန်ုပ်တို့၏ဆေးဘက်ဆိုင်ရာ ဝန်ဆောင်မှု၊ ကျန်းမာရေးပြဿနာများနှင့် ACT ရှိ ဆေးဘက်ဆိုင်ရာ စနစ် အလုပ်လုပ်ပုံနှင့် ပတ်သက်၍ သင့်တွင် မေးခွန်းတစ်စုံတစ်ရာ ရှိပါက ကျွန်ုပ်တို့အား မေးမြန်းပါ။

Canberra တွင် ဘေးကင်းပြီး ပြည့်စုံသောဘဝဖြင့် နေထိုင်နိုင်ဖို့ သင့်ကျန်းမာရေးကို တည်ဆောက်ထိန်းသိမ်းနိုင်ရန် ကျွန်ုပ်တို့မှ ကူညီပေးသွားပါမည်။ ကျွန်ုပ်တို့နှင့် 18 လခန့်ကြာ လက်တွဲပြီးနောက် သင်မှ အထူးကျန်းမာရေးလိုအပ်ချက်များ ှကြောင့် Companion House ဆေးဘက်ဆိုင်ရာ ဝန်ဆောင်မှုအဖွဲ့ထံသို့ ဆက်လက်လာရောက်ရန် မလိုအပ်တော့လျှင် ရှေ့ဆက်ကျန်းမာရေးစောင့်ရှောက်မှုအတွက် သင့်အိမ်နှင့်နီးသည့် ဆရာဝန်တစ်ဦးကို ကျွန်ုပ်တို့က ရှာဖွေပေးသွားပါမည်။

Companion House ဆေးဘက်ဆိုင်ရာဝန်ဆောင်မှုသည် ဆရာဝန်နှင့် သူနာပြုဝန်ဆောင်မှုများကို ဆောင်ရွက်ပေးပါသည်။ အထူးကျန်းမာရေးပြဿနာများအတွက် သင့်အား အထူးကုဆရာဝန်များထံ ညွှန်းပေးနိုင်ပါသည်။ တစ်ခါတစ်ရံ ကျွန်ုပ်တို့တွင် Companion House သို့ လာရောက်ကုသသော အထူးကုဆရာဝန်များ ရှိသော်လည်း ယေဘုယျအားဖြင့် သင့်အား Companion House ပြင်ပရှိ အထူးကုဆရာဝန်တစ်ဦးထံ ညွှန်းပေးပါသည်။

COMPANION HOUSE ဆေးဘက်ဆိုင်ရာဝန်ဆောင်မှု၏ ဆက်သွယ်ရန် အသေးစိတ်အချက်အလက်များ

Companion House ဆေးဘက်ဆိုင်ရာ ဝန်ဆောင်မှုအဖွဲ့သည် Companion House အတွင်း ရှိ အောက်ပါလိပ်စာတွင် တည်ရှိသည်-
41 Templeton St, Cook.

Companion House သည် Cook ဆိုင်များနှင့် အနီးဆုံးဘက်ခြမ်းတွင် ရှိပါသည်။ ၎င်းသည် Civic သို့မဟုတ် Belconnen မှလာလျှင် ဘတ်စ်ကားလမ်းကြောင်း နံပါတ် 32 ဖြစ်သည်။ Cook ဆိုင်များနေရာသို့ရောက်သည့်အခါ ဘတ်စ်ကားပေါ်က ဆင်းနိုင်ပါသည်။

ဖုန်း- 02 6251 4550
အီးမေးလ်- info@companionhouse.org.au
စာတိုက် အမှတ်- PO Box 112 Jamison Centre ACT 2614

ဝန်ဆောင်မှုသည် မည်သည့်အချိန်တွင် စတင်ဖွင့်လှစ်ပါသနည်း။

တနလာ်-သောကြာ မနက် 9.30 မှ ညနေ 5 နာရီအထိ ဖွင့်ပါသည်။
ဗုဒ္ဓဟူးနေ့တွင် တာဝန်ကျဆရာဝန်မရှိသော်လည်း တာဝန်ကျသူနာပြုတစ်ဦးရှိပါမည်။

COMPANION HOUSE ဆရာဝန်များ

Dr Chrsitine Phillips

Dr Katrina Anderson

Dr Stephanie Davis

Dr Rosemary Wyber

Dr Tom McGuire

Dr Rebecca Kathage

ကျွန်ုပ် ကြိုတင်ချိန်းဆိုရန်လိုအပ်ပါသလား?

လိုအပ်ပါသည်၊ ကျွန်ုပ်တို့၏ဝန်ဆောင်မှုသည် ချိန်းဆိုမှုကို အခြေခံပါသည်။ သင် ကြိုတင်ရက်ချိန်းမယူထားပါက ဆရာဝန် သို့မဟုတ် သူနာပြုတစ်ဦးနှင့် ပြသရန် စောင့်ဆိုင်းရနိုင်ပါသည်။

ဝန်ဆောင်မှုကုန်ကျစရိတ် ဘယ်လောက်ရှိပါသလဲ။

CompanionHouseသည်လူနာအားလုံးကို၎င်းတို့၏ဆေးဝါးထောက်ပံ့ကြေးမှကုသခကို ယူသောကြောင့် ဆေးကုသမှုဝန်ဆောင်မှုမှာ အခမဲ့ဖြစ်သည်။ ကျွန်ုပ်တို့သည် ခိုလှုံခွင့် တောင်းခံသူများကို Medicare ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အခမဲ့ဝန်ဆောင်မှုများ ပေးပါသည်။

COMPANION HOUSE ဆေးဘက်ဆိုင်ရာ ဝန်ဆောင်မှုအဖွဲ့ကို ဆက်သွယ်ရန် အကောင်းဆုံးနည်းလမ်းက ဘာဖြစ်မလဲ။

ကျွန်ုပ်တို့ထံ ဆက်သွယ်ရန် အကောင်းဆုံးနည်းလမ်းမှာ ဖုန်း- 6251 4550 သို့ခေါ်ဆိုခြင်း ဖြစ်ပါသည်။

အကယ်၍ သင်သည် Companion House ကို ဖုန်းခေါ်ပါက ကျွန်ုပ်တို့၏ ဧည့်ကြိုဝန်ထမ်း သို့မဟုတ် သူနာပြုတစ်ဦးအား စကားပြောနိုင်မည်ဖြစ်သည်။ ခေါ်ဆို၍မရခဲ့လျှင် ကျေးဇူးပြု၍ သင့်အမည်ဖြင့် မက်ဆေ့ချ်ချန်ထားခဲ့ပါ၊ ထို့နောက် ကျွန်ုပ်တို့သည် သင့်အား တတ်နိုင်သမျှ အမြန်ဆုံး ပြန်လည်ခေါ်ဆိုပါမည်။

ကျွန်ုပ်တို့နှင့် စကားပြောရန် Companion House သို့လည်း လာရောက်နိုင်သည်။ ကျွန်ုပ်တို့ သင့်ကို ချက်ချင်းတွေ့ဆုံရန် ကြိုးစားပါမည်၊ သို့သော် ကျွန်ုပ်တို့ မအားမလပ်ဖြစ်နေခဲ့သော် ခေတ္တ စောင့်ဆိုင်းပေးရန် လိုအပ်ပါလိမ့်မည်။

သင်နှင့်ရှင်းလင်းစွာဆက်သွယ်ပြောဆိုနိုင်ရန်မှာ ကျွန်ုပ်တို့အတွက် အလွန်အရေးကြီးပါသည်။ စကားပြန်ခေါ်လိုလျှင် တောင်းခံနိုင်ပါသည်။ သင်ပြောသော ဘာသာစကားနှင့် သင်၏ဆက်သွယ်ရန်နံပါတ်ကို ဧည့်ကြိုဝန်ထမ်းများအား ပြောပြလိုက်ပါ၊ ထို့နောက် ကျွန်ုပ်တို့သည် သင့်အား စကားပြန်တစ်ဦးနှင့်အတူ ဆက်သွယ်နိုင်ပါသည်။

သင့်အမည်နှင့် သင်သည် Companion House ၏ လူနာတစ်ဦးဖြစ်ကြောင်း သေချာထည့်သွင်းဖော်ပြထားပေးပါ။

Companion House သည် သင်လက်မှတ်ထိုးထားသော သဘောတူညီချက် မပါရှိဘဲ သင့်ထံ မည်သည့်ဆေးဘက်ဆိုင်ရာအချက်အလက်ကိုမဆို အီးမေးလ် သို့မဟုတ် စာတိုပေးပို့၍ မရပါ။ သင်မှ ထိုကျန်းမာရေးအချက်အလက်များ လိုချင်ပါက သင့်အား မျှဝေနိုင်ရန် ကျေးဇူးပြု၍ ကျွန်ုပ်တို့အား သဘောတူညီချက် ပေးထားရန်လိုအပ်ပါသည်။ ကျွန်ုပ်တို့သည် သင့်ထံသို့ အီးမေးလ်လိပ်စာကို ပေးပို့နိုင်သည်—မလိုလားအပ်သော ကြော်ငြာပေးပို့မှုနှင့် ဟက်ကာများကို ရှောင်ရှားရန် အင်တာနက်ကို ကျွန်ုပ်တို့ ပိတ်ထားပါသည် (ဤဖိုင်တွဲသည် ကျွန်ုပ်တို့၏ဝဘ်ဆိုဒ်တွင် ရှိသည်)။

အချက်အလက်များကို မက်ဆေ့ချ် သို့မဟုတ် အီးမေးလ်ဖြင့် ပေးပို့ရန် သင်သဘောမတူပါက ကျွန်ုပ်တို့သည် အချက်အလက်များကို စာဖြင့်ပေးပို့မည် သို့မဟုတ် သင့်အား ဖုန်းခေါ်ဆိုပေးပါမည်။

သင်၏ ဆေးဘက်ဆိုင်ရာချိန်းဆိုမှုအကြောင်း သတိပေးချက်များကို သင့်မိုဘိုင်းဖုန်းသို့ စာတိုပေးပို့ပါမည်။

စမ်းသပ်မှုများနှင့် ကျန်းမာရေးစစ်ဆေးမှုများ၏ ရလဒ်များကို မည်သို့ တောင်းခံမေးမြန်းရမလဲ?

စမ်းသပ်မှု သို့မဟုတ် သင့်ရလဒ်များအကြောင်း သင့်အား ပြောဆိုရန် လိုအပ်ပါက သူနာပြုသို့မဟုတ် ဆရာဝန်က သင့်ထံ ဖုန်း သို့မဟုတ် စာဖြင့် ဆက်သွယ်ပါမည်။ အများအားဖြင့် သူနာပြုသည် သင့်ထံ ဆက်သွယ်ပြီး သင့်ရလဒ်များကို ပေးပါမည်။

အကယ်၍ သင်သည် စိုးရိမ်ပူပန်ပြီး ကျွန်ုပ်တို့ထံမှ ရလဒ်နှင့်ပတ်သက်၍ မကြားသိရပါက ကျေးဇူးပြု၍ ကျွန်ုပ်တို့ကို ဖုန်းခေါ်ဆိုပါ သို့မဟုတ် ဧည့်ကြိုထံတွင် မေးမြန်းပါ။

COMPANION HOUSE သည် ကျွန်ုပ်၏ ကျန်းမာရေး အချက်အလက်များကို မည်သို့ သိမ်းဆည်းပါသလဲ၊ ကျွန်ုပ်၏ ကျန်းမာရေး မှတ်တမ်းဖိုင်ကို ကျွန်ုပ် ဝင်ရောက်ကြည့်ရှု၍ ရပါသလား?

Companion House သည် သင့်ကျန်းမာရေးအချက်အလက်ကို အီလက်ထရွန်နစ်ကျန်းမာရေးအချက်အလက်စနစ်တွင် သိမ်းဆည်းထားသည်။ ဤစနစ်သည် သီးသန့် သိမ်းဆည်းထားပြီး လုပ်ပိုင်ခွင့်ရ Companion House ဝန်ထမ်းအချို့သာ ၎င်းကို ဝင်ရောက်ကြည့်ရှုနိုင်သည်။ ဤမှတ်တမ်းတွင် ကိုယ်ရေးကိုယ်တာ အချက်အလက်အချို့ကို မှတ်တမ်းတင်မထားစေလိုပါက သင့်ဆရာဝန် သို့မဟုတ် သူနာပြုတစ်ဦးအား ပြောပြနိုင်သည် - ၎င်းတို့သည် ထိုအရာအား သင်နှင့် ဆွေးနွေးနိုင်ပါသည်။

သင့်ဆေးဘက်ဆိုင်ရာအချက်အလက်ဖိုင် မိတ္တူအား ဧည့်ကြိုဝန်ထမ်း သို့မဟုတ် သူနာပြုတစ်ဦးကို တောင်းခံနိုင်ပြီး ၎င်းတို့က သင့်ကိုမိတ္တူတစ်စောင် ပေးပါမည်။

ကျွန်ုပ်၏အချက်အလက်များကို သီးသန့် လျှို့ဝှက်သိမ်းဆည်းထားပေးပါသလား?

Companion House သည် သင့်ကျန်းမာရေးအချက်အလက်နှင့် ကျွန်ုပ်တို့တွင်ရှိသော သင့်အကြောင်းအခြားအချက်အလက်များကို သီးသန့်ထားရှိပါမည်။ သင့်ခွင့်ပြုချက်မရှိဘဲ Companion House ပြင်ပတွင် သင့်အကြောင်း အချက်အလက်များကို ကျွန်ုပ်တို့ မမျှဝေပါ။

အောက်ပါအရာ မဟုတ်လျှင် မမျှဝေပါ-

- တရားရုံးတစ်ခုမှ ကျွန်ုပ်တို့အား သတင်းအချက်အလက် ထုတ်ပြန်ရန် တောင်းဆိုပြီး ကျွန်ုပ်တို့သည် ဥပဒေအရ ဆောင်ရွက်ပေးရပါက၊
- အခြားသူတစ်ဦးအား အသက်အန္တရာယ် သို့မဟုတ် ထိခိုက်စေနိုင်သည့် အန္တရာယ် တစ်စုံတစ်ရာ ရှိလာပါက

တိုင်ကြားချက်တစ်ခုပြုလုပ်ရန် သို့မဟုတ် တို့ပြန်ထင်မြင်ချက်ပေးရန် မည်သို့လုပ်ဆောင်ရမည်နည်း။

Companion House ကို ကောင်းမွန်သော ဝန်ဆောင်မှုတစ်ခုဖြစ်အောင် လုပ်ဆောင်နိုင်စေရန် သင်၏အကြံပြုချက်ကို ကြိုဆိုပါသည်။ ယုံကြည်ရသော ဝန်ထမ်းတစ်ဦးဦးအား သင်၏ အကြံပြုချက် သို့မဟုတ် တိုင်ကြားချက်ကို သင် ပြောပြနိုင်ပါသည်။ ဒါရိုက်တာကို တွေ့ရန် တောင်းဆိုပြီး သင်၏ အကြံပြုချက်ကို ဤနည်းဖြင့်လည်း ပေးနိုင်ပါသည်။

သင်သည် တိုင်ကြားချက် သို့မဟုတ် တို့ပြန်ထင်မြင်ချက်ကို မည်သည့်ဘာသာစကား ဖြင့်မဆို ကျွန်ုပ်တို့ထံ ရေးသား ပေးပို့နိုင်ပြီး သို့မဟုတ် ၎င်းကို ဧည့်ကြိုနေရာရှိ အဝါရောင်တို့ပြန်ချက် သေတ္တာထဲတွင် ထည့်ထားနိုင်ပြီး ကျွန်ုပ်တို့မှ ပြန်လည်ဖြေကြား ပေးသွားပါမည်။

တရားဝင်တိုင်ကြားချက်တစ်ခု ပြုလုပ်လိုပါက အောက်ပါပြင်ပအဖွဲ့အစည်းတစ်ခုထံ လည်း သွားရောက်နိုင်သည်-

ACT Human Rights Commission
လိပ်စာ - Level 4 12 Moore Street Canberra City
(Northbourne Avenue ရှိ Jolimont Centre အနီး)
အထွေထွေစာပို့သေတ္တာ 158 Canberra ACT 2601
ဖုန်း - (02) 6205 2222 SMS- 0466 169 997
TTY -(02) 6205 1666 FAX (02) 6207 1034
http://hrc.act.gov.au/contact-us

ရုံးချိန်ပြင်ပ ကုသစောင့်ရှောက်မှု

ရုံးချိန်ပြင်ပ ကုသစောင့်ရှောက်မှုဖြစ်သော ရွေးချယ်စရာအချို့ကို အောက်တွင်ဖော်ပြထားပါသည်။

ဆေးဘက်ဆိုင်ရာအရေးပေါ်အခြေအနေဖြစ်ပါက Canberra Hospital (ကင်ဘာရာဆေးရုံ) သို့မဟုတ် North Canberra Hospital (မြောက်ပိုင်း ကင်ဘာရာဆေးရုံ) ရှိ Emergency Department (အရေးပေါ်ဌာန) သို့ တိုက်ရိုက်သွားပါ ။ အကယ်၍ ဆေးဘက်ဆိုင်ရာ အရေးပေါ်အခြေအနေမဟုတ်ပါက အောက်တွင် ဖော်ပြထားသော အခြားရွေးချယ်စရာများရှိပါသည်။

အရေးပေါ် ဆေးကုသမှု

လူနာတင်ယာဉ် နှင့် ဆေးရုံ

အရေးပေါ်ဆေးကုသမှုကို Garran ရှိ Canberra ဆေးရုံနှင့် Bruce ရှိ North Canberra ဆေးရုံတို့၏ အရေးပေါ်ဌာနများမှ 24 နာရီ ဝန်ဆောင်မှုပေးပါသည်။ ဤဆေးရုံများကို ACT အစိုးရမှ စီမံခန့်ခွဲပါသည်။

သင်၏ Medicare Card သို့မဟုတ် Access Card ကို ပြသရန် လိုအပ်မည်ဖြစ်ပါသည်။

လူနာတင်ယာဉ်အတွက် 000 ခေါ်ဆိုပါ။

သင့်တွင် Centrelink မှ ပေးသော Health Care Card သို့မဟုတ် Access Card ရှိပါက လူနာတင်ယာဉ်သည် သင့်အား မည်သည့်အရာမှ ကောက်ခံမည် မဟုတ်ပါ

Canberra Hospital, Yambah Drive, Garran
(02) 6244 2222
Calvary Hospital, Mary Potter Circuit, Bruce
(02) 6201 6111

WALK-IN CENTRES (ရက်ချိန်းယူရန်မလိုသည့် ဆေးခန်းများ)

အသက်အန္တရာယ်မရှိသည့် ကျန်းမာရေး အခြေအနေရှိသူများအတွက် သူနာပြုများမှ အခမဲ့ ဆေးဝါးအကူအညီ ပေးပါသည်

ဖွင့်လှစ်ချိန်- နေ့စဉ် နံနက် 7.00 နာရီမှ ည 10.30 နာရီ အထိ

Walk-in Centers များသည် သူနာပြုများ တာဝန်ထမ်းဆောင်သည့် အခမဲ့ဆေးဘက်ဆိုင်ရာ ဝန်ဆောင်မှုတစ်ခု ဖြစ်သည်။ ရက်ချိန်းယူရန် မလိုအပ်သော်လည်း အများအားဖြင့် သူနာပြုတစ်ဦးနှင့် တွေ့ဆုံနိုင်ရန် စောင့်ဆိုင်းဖို့ လိုအပ်ပါသည်။ အောက်ဖော်ပြပါအတိုင်း Canberra တွင် ရက်ချိန်းယူရန်မလိုသည့်ဆေးခန်းငါးခု ရှိပါသည်။

ရက်ချိန်းယူရန်မလိုသည့်ဆေးခန်းများတွင် အသက် 13 လအောက် ကလေးများကို မကြည့်ရှုပေးပါ။

BELCONNEN ရက်ချိန်းယူရန်မလိုသည့်ဆေးခန်း-
56 Lathlain Street, Belconnen

TUGGERANONG ရက်ချိန်းယူရန်မလိုသည့်ဆေးခန်း-
Tuggeranong Health Centre, Anketell and Pitman St, Tuggeranong

GUNGAHLIN ရက်ချိန်းယူရန်မလိုသည့်ဆေးခန်း-
57 Ernest Cavanagh Street, Gungahlin

WESTERN CREEK ရက်ချိန်းယူရန်မလိုသည့်ဆေးခန်း-
24 Parkinson Street, Weston

DICKSON ရက်ချိန်းယူရန်မလိုသည့်ဆေးခန်း-
111 Dickson Place, Dickson

သင့်ဖုန်းရှိ QR ကုဒ်ကို စကန်ဖတ်ခြင်းဖြင့် စောင့်ဆိုင်းချိန်များကို စုံစမ်းနိုင်ပါသည်။

https://www.canberrahealthservices.act.gov.au/services-and-clinics/services/walk-in-centres-wic

ဆရာဝန်တစ်ဦးမှ ပေးသည့် ရုံးချိန်ပြင်ပ စောင့်ရှောက်မှုများ

ကင်ဘာရာ၏ ရုံးချိန်ပြင်ပ ယာယီဆရာဝန်တစ်ဦး၏ ဆေးဘက်ဆိုင်ရာဝန်ဆောင်မှု (CALMS)
1300 422 567 https://calms.net.au/

CALMS သည် စကားပြန်များကို အသုံးပြုပြီး Companion House ကိုလည်း သိရှိသည့်အတွက် သင်သည် Companion House လူနာတစ်ဦး ဖြစ်ပါက ၎င်းတို့ကို ပြောပြပါ။ Canberra တွင် CALMS ဆေးခန်းသုံးခုရှိသည်- အသေးစိတ်အချက်အလက်များအတွက် အောက်ပါလင့်ခ်တွင် စစ်ဆေးကြည့်ပါ။

CALMS သည် ACT တွင်နေထိုင်သူနှင့် လာရောက်လည်ပတ်သူအားလုံးကို တနင်္လာနေ့မှ သောကြာနေ့၊ ညနေ 6 နာရီမှ နံနက် 8.30 နာရီအတွင်းနှင့် စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များတွင် တစ်ရက် 24 နာရီ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အကြံဉာဏ်များပေးသည်။
ဤဝန်ဆောင်မှုကိုရယူရန် သို့မဟုတ် ရက်ချိန်း ရယူရန် ဖုန်း 1300 422 567 ကိုဆက်သွယ်ပါ။

CALMS TUGGERANONG ဆေးခန်း
Tuggeranong Community Health Centre,Corner of Anketell & Pitman Streets
TUGGERANONG, ACT 2900

CALMS SOUTHSIDE ဆေးခန်း
Building 12, Level 2 Pre Admissions clinic
The Canberra Hospital,Yamba Drive
GARRAN, ACT 2605

CALMS NORTHSIDE ဆေးခန်း
Day Procedure Unit, Level 2 Marion Building (through ED near cafe),
North Canberra Hospital 40 Mary Potter Circuit, BRUCE, ACT 2617

အခြားသော ရုံးချိန်ပြင်ပ GP ဝန်ဆောင်မှုများ

Ginninderra ဆေးဘက်နှင့် သွားဘက်ဆိုင်ရာ စင်တာ
သင် ရက်ချိန်းယူနိုင်သည် သို့မဟုတ် လာရောက်ပြီး သင့်ကို ကြည့်ပေးနိုင်မည့် ဆရာဝန်ကို စောင့်နိုင်ပါသည်။

သင့်တွင် နာရီပိုင်းအတွင်း Healthcare Card (ကျန်းမာရေးစောင့်ရှောက်မှုကတ်ရှိပါက) ရုံးချိန်အတွင်းဖြစ်လျှင် မည်သည့်အခကြေးငွေကိုမျှ ပေးဆောင်ရန် မလိုအပ်သော်လည်း ရုံးချိန်ပြင်ပဖြစ်ပါက အခကြေးငွေ ကောက်ခံမည်ဖြစ်သည်။ သင့်တွင် Centrelink လျှော့ဈေးကတ်မရှိပါက အခကြေးငွေ $80.00 ခန့် ပေးဆောင်ရမည်ဖြစ်သည်။ အသက် 16 နှစ်အောက် ကလေးများတွင် Medicare ကတ်ရှိလျှင် ၎င်းတို့အတွက် ပေးဆောင်ရန် မလိုအပ်ပါ။
လိပ်စာ- Nettlefold Street & Coulter Drive၊ Belconnen ACT၊ 2617

ဖုန်း- (02) 6112 7111

ဖွင့်လှစ်ချိန်-
တနင်္လာ – သောကြာ- နံက် 7 နာရီ – ည 8 နာရီ
စနေ၊ တနင်္ဂနွေ နှင့် ရုံးပိတ်ရက်များ - နံက် 8 နာရီ - ညနေ 5 နာရီ

https://www.ginninderramedicalcentre.com.au/

Companion House
Assisting Survivors of Torture and Trauma Inc.

အခြားဝန်ဆောင်မှုများ
အခြားဆေးဘက်ဆိုင်ရာ ဝန်ဆောင်မှုများကို အောက်ပါလင့်ခ်တွင် သင်ရှာဖွေနိုင်သည်၊ ၎င်းတို့သည် ရုံးချိန်ပြင်ပအတွက် သင့်အား အခကြေးငွေ ကောက်ခံနိုင်ဖွယ်ရှိသည်။

https://www.health.act.gov.au/services-and-programs/find-health-service
အီးမေးလ် info@companionhouse.org.au
ဝက်ဆိုဒ် www.companionhouse.org.au